**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ညွှန်ကြားချက်အမှတ် ၁ /၂၀၂၅**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်

# ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူများ လိုက်နာဆောင်ရွက်ရမည့်အချက်များ ထုတ်ပြန်ခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၏ ၁၉-၁၂-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃၁/၂၀၂၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူများ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်ကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည်။

၁။ ဤညွှန်ကြားချက်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် အမိန့်အမှတ် ၈၂/၂၀၂၄ အရ ထုတ်ပြန်ထားသည့် ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်နှင့်အညီ ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ထားသူများ အားလုံးအတွက် အကျုံးဝင်စေရမည်။

## အဓိပ္ပာယ်ဖွင့်ဆိုချက်

၂။ ဤညွှန်ကြားချက်တွင်ပါရှိသော စကားရပ်များသည် ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်း ဆိုင်ရာအမိန့်တွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ် များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဆန်စပါးသိုလှောင်ရုံ** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ ဆန် တန်ချိန် ၂၅ နှင့်အထက် သိုလှောင်ရုံ သို့မဟုတ် စပါးတင်း ၂၅၀၀ နှင့်အထက် သိုလှောင်ရုံတစ်မျိုးမျိုးကို ဆိုသည်။

( ခ ) **လျှောက်လွှာပုံစံ** ဆိုသည်မှာ www.myro.com. mm ၌ မှတ်ပုံတင်လျှောက်ထား ရာတွင် ဖြည့်စွက်တင်ပြရမည့်ပုံစံကို ဆိုသည်။

( ဂ ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနက အမိန့်အမှတ် ၈၂/၂၀၂၄ အရ www.myro.com.mm ၌ မှတ်ပုံတင်ခွင့်ပြု ချက်ရရှိထားသည့် ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

**မှတ်ပုံတင်လျှောက်ထားမည့် ဆန်စပါးသိုလှောင်ရုံနှင့်သက်ဆိုင်သည့် သတ်မှတ်ချက်များ**

၃။ မှတ်ပုံတင်လျှောက်ထားမည့် ဆန်စပါးသိုလှောင်ရုံသည် -

(က) ဆန်တန်ချိန် ၂၅ နှင့်အထက် သိုလှောင်ရုံ သို့မဟုတ် စပါးတင်း ၂၅၀၀ နှင့်အထက် သိုလှောင်နိုင်သည့် အကျယ်အဝန်းရှိရမည်၊

(ခ) ကုန်တင်ယာဉ်များ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်သည့်နေရာတွင် တည်ရှိရမည်၊

(ဂ) ဆန်စပါးသိုလှောင်ရုံ ဘေးပတ်ဝန်းကျင်တွင် ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိရမည်၊

(ဃ) အမိုး (သွပ်)၊ အကာ (အုတ်)၊ အခင်း (ကွန်ကရစ်) များ ခိုင်ခံ့ပြီး ကြံ့ခိုင်မှု၊ ကောင်းမွန်မှု ရှိရမည်၊

(င) ဆန်စပါးသိုလှောင်ရုံအတွင်း လေဝင်လေထွက်ကောင်းမွန်ရေး စီမံထားရှိရမည်၊

(စ) မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ စီမံထားရှိရမည်၊

(ဆ) ကုန်ကြမ်းစပါးနှင့် ကုန်ချောဆန်များကို သီးခြားထားရှိရမည်။

၄။ ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူသည် မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် အောက်ပါတို့ကို ပူးတွဲ၍ တင်ပြရမည် -

(က) ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းရှိ တာဝန်ခံပုဂ္ဂိုလ်၏ ရောင်စုံဓာတ်ပုံ သို့မဟုတ် လူပုဂ္ဂိုလ်ဖြစ်ပါက ယင်းပုဂ္ဂိုလ်၏ ရောင်စုံဓာတ်ပုံ၊

(ခ) ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းရှိ တာဝန်ခံပုဂ္ဂိုလ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ သို့မဟုတ် လူပုဂ္ဂိုလ်ဖြစ်ပါက ယင်းပုဂ္ဂိုလ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဂ) ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူ၏ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆)၊

(ဃ) ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်မှုမှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(င) စက်မှုဇုန်တစ်ခုခုတွင် တည်ရှိသော ဆန်စပါးသိုလှောင်ရုံဖြစ်ပါက စက်မှုဇုန်ကို စီမံခန့်ခွဲသူ၏ ထောက်ခံချက်၊

( စ ) ဆန်စပါးသိုလှောင်ရုံ တည်နေရာ၊ အတိုင်းအတာနှင့် အမျိုးအစားမှန်ကန်ကြောင်း ဦးစီးမှူးရုံး၏ ထောက်ခံချက်၊ **(ပူးတွဲပုံစံ - ၁)**

( ဆ ) MyRO Website ရှိ မှတ်ပုံတင်ပုံစံတွင် ဖြည့်စွက်ထားသော အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုစာ၊ **(ပူးတွဲပုံစံ - ၂)**

( ဇ ) ဆန်စပါးသိုလှောင်ရုံ၏ ရောင်စုံဓာတ်ပုံ (ရှေ့၊ နောက်၊ ဘယ်၊ ညာ၊ အတွင်း)၊

( ဈ ) ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ။

၅။ ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ရန် သိုလှောင်ရုံအကျယ်အဝန်းအလိုက် မှတ်ပုံတင်ကြေးကို ဝန်ကြီးဌာန၏ အမိန့်အမှတ် ၈၂/၂၀၂၄ ပါ သတ်မှတ်နှုန်းထားများအတိုင်း ဦးစီးဌာနက သတ်မှတ်သည့် ဒီဂျစ်တယ်ငွေပေးချေမှုဖြင့် ပေးသွင်းရမည်။

၆။ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းမှာ စတင်ထုတ်ပေးသည့်နေ့ရက်မှ တစ်နှစ်တိတိပြည့်မြောက်သော နေ့ရက်အထိ ဖြစ်သည်။

**မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း**

၇။ ဦးစီးဌာနသည် မှတ်ပုံတင်လက်မှတ်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ www.myro.com.mm တွင် ဖြည့်စွက်ထားသည့် အချက်အလက်များနှင့် ပူးတွဲတင်ပြသည့် အထောက်အထားများကို စိစစ်ရမည်။

၈။ ဦးစီးဌာနသည် ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး အချက်အလက်များ ပြည့်စုံမှန်ကန်ပါက မှတ်ပုံတင်လက်မှတ်လျှောက်ထားသော ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူအား အွန်လိုင်း (Online) မှတစ်ဆင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

**သက်တမ်းတိုးလျှောက်ထားခြင်း**

၉။ မှတ်ပုံတင်လက်မှတ်ရရှိထားသော ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူသည် မှတ်ပုံတင်လက်မှတ်၏ သက်တမ်းမကုန်ဆုံးမီ နှစ်လကြိုတင်၍ သက်တမ်းတိုးရန် လျှောက်ထားနိုင်သည်။

၁၀။ မှတ်ပုံတင်သက်တမ်းတိုးကြေးသည် ဝန်ကြီးဌာန၏ အမိန့်အမှတ် ၈၂/၂၀၂၄ ပါ ဆန်စပါးသိုလှောင်ရုံအရွယ်အစားအလိုက် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးသတ်မှတ်ချက်အတိုင်း ဖြစ်သည်။

၁၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူသည် သက်တမ်းတိုး လျှောက်ထားခြင်းမရှိပါက မှတ်ပုံတင်လက်မှတ်သက်တမ်း ကုန်ဆုံးသည့်နေ့ရက်တွင် ယင်းမှတ်ပုံတင် လက်မှတ်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း**

၁၂။ မှတ်ပုံတင်လက်မှတ် ရရှိထားသော ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူသည် မှတ်ပုံတင် လက်မှတ်သက်တမ်း မကုန်ဆုံးမီကာလအတွင်း အောက်ပါအခြေအနေ တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်လိုပါက ဦးစီးဌာနသို့ စာဖြင့်ရေးသား၍ တင်ပြလျှောက်ထားရမည် -

(က) သိုလှောင်ရုံကို ထုခွဲရောင်းချလိုခြင်း သို့မဟုတ် သိုလှောင်ရုံကို ဖျက်သိမ်းလိုခြင်း၊

(ခ) ဆန်စပါးလုပ်ငန်းမှအပ အခြားလုပ်ငန်းတစ်ခုခုကို ပြောင်းလဲလုပ်ကိုင်လိုခြင်း၊

(ဂ) မီးဘေး၊ လေျင်ဘေး၊ ရေဘေး၊ ကပ်ရောဂါဖြစ်ပွားခြင်း၊ စစ်မက်ဖြစ်ပွားခြင်း ကဲ့သို့သော မလွန်ဆန်နိုင်သည့်ဖြစ်ရပ်တစ်ခုခုကြောင့် လုပ်ငန်းလည်ပတ်နိုင်စွမ်း မရှိတော့ခြင်း၊

(ဃ) မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရန် လျှောက်ထားချက်သည် ခိုင်လုံသော အကြောင်းပြချက်ဖြစ်ခြင်း။

၁၃။ ဦးစီးဌာနသည် -

(က) မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြေပြင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်၍ စစ်ဆေးစေရမည်၊

(ခ) မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတင်ပြချက်အပေါ် စိစစ်ပြီး မှတ်ပုံ တင် လက်မှတ်ပယ်ဖျက်ခြင်းကို ခွင့်ပြုနိုင်သည်။

**မှတ်ပုံတင်လက်မှတ်ရရှိထားသော ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူ၏ တာဝန်များ**

၁၄။ မှတ်ပုံတင်လက်မှတ်ရရှိထားသော ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူသည် -

(က) လစဉ်လဆန်း ၁ ရက်နေ့မှ ၇ ရက်နေ့အတွင်း ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန် စာရင်းများကို MyRO Website ရှိ မိမိ၏ Account တွင် စာရင်းရေးသွင်းရမည်၊

(ခ) မှတ်ပုံတင်လက်မှတ်ကို ဆန်စပါးသိုလှောင်ရုံ၏ မြင်သာသည့်နေရာတွင် ချိတ်ဆွဲ ထားရမည်၊

(ဂ) ဆန်စပါးသိုလှောင်ထားရှိမှုအခြေအနေနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက အခါ အားလျော်စွာ လာရောက် စစ်ဆေးရာတွင် ပူးပေါင်းဆောင်ရွက်ရမည်၊

(ဃ) ဆန်စပါးသိုလှောင်ရုံနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

( င ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ရမည်။

**အထွေထွေ**

၁၅။ ဝန်ကြီးဌာနသည် လျှောက်လွှာပုံစံ၊ မှတ်ပုံတင်လက်မှတ်ပုံစံ၊ မှတ်ပုံတင်ကြေးနှင့် မှတ်ပုံတင် သက်တမ်းတိုးကြေးတို့ကို လိုအပ်သလို ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၆။ မှတ်ပုံတင်လက်မှတ်ရရှိထားသော ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူက ဆန်စပါးသိုလှောင်ရုံ လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်က ထုတ်ပြန်ထားသော စည်းကမ်းသတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ကိုက်ညီမှုမရှိကြောင်း ယင်းအစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းက ခိုင်လုံသော အထောက်အထားဖြင့် ညှိနှိုင်းအကြောင်းကြားလာပါက ဦးစီး ဌာနသည် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ၎င်း၏ မှတ်ပုံတင်လက်မှတ်ကို မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်နိုင်သည်။

(ပုံ)

ချစ်ဆွေ

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စက-၄၄ / ၂-၄ / (၈) / ၂၀၂၅ ( ၁၇၇၂ )

ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ယာယီသမ္မတရုံး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နိုင်ငံတော်ဝန်ကြီးချုပ်ရုံး

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအမှုဆောင်ချုပ်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ညီနောင်အသင်းများထံ ထပ်ဆင့်ဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

အောင်သွင်ဦး

အမြဲတမ်းအတွင်းဝန်

ပူးတွဲ (၁)

ရှိးတံဆိပ်ခိုင်း
ရိုက်ရန်

# သိုလှောင်ရုံမှတ်ပုံတင်ခြင်း ထောက်ခံချက်

(က) သိုလှောင်ရုံပိုင်ရှင်အမည်............................................

(ခ) မှတ်ပုံတင်အမှတ်..........................................................

(ဂ) နေရပ်လိပ်စာ..............................................................

(ဃ) **သိုလှောင်ရုံတည်နေရာ**

- အမှတ် ( )၊ ............................................ လမ်း

- ........................................... ရပ်ကွက်/ကျေးရွာအုပ်စု

- ............................ မြို့

-...............................မြို့နယ်၊.................................... တိုင်းဒေသကြီး/ပြည်နယ်

(င) **သိုလှောင်ရုံ၏ အရွယ်အစားနှင့် တည်ဆောက်ထားမှုအခြေအနေ**

- အရွယ်အစား အလျား ( ) ပေ × အနံ ( ) ပေ × အမြင့် ( ) ပေ

- တည်ဆောက်မှု အမိုး ( )၊ အကာ ( )၊ အခင်း ( )

(စ) **သိုလှောင်ရုံ၏ ဝင်ဆံ့နိုင်မှုပမာဏ**

- စပါးသိုလှောင်ပါက စုစုပေါင်း စပါး (တင်း) ...........................

- ဆန်သိုလှောင်ပါက စုစုပေါင်း ဆန် (တန်ချိန်) .........................

(ဆ) ( )ရက်နေ့ထိ သိုလှောင်ထားရှိမှုအခြေအနေ

- စုစုပေါင်း စပါး(တင်း) ...........................

- ဆန်အမျိုးအစား...............................၊ စုစုပေါင်း ဆန်(တန်ချိန်) .........................

အတည်ပြုထောက်ခံသူ

လက်မှတ် ..............................................

အမည် ..............................................

ရာထူး ..............................................

ပူးတွဲ (၂)

Company Letterhead

ရက်စွဲ။ ။ ခုနှစ်၊ လ၊ ရက်။

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

အကြောင်းအရာ။ ။ ဆန်စပါးသိုလှောင်ရုံမှန်ကန်ကြောင်း ဝန်ခံကတိပြုခြင်း။

အထက်ပါအကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ______________________ မြို့နယ်၊ ______________ တိုင်းတွင်တည်ရှိသော အလျား ____ ၊ အနံ _____ ၊ အမြင့် _____ ရှိသည့် ___________ သိုလှောင်ရုံသည် ____________________ ကုမ္ပဏီလီမိတက် (ကိုယ်စားလှယ် ဦး/ ဒေါ် ________________) အနေဖြင့် ဆန်စပါးသိုလှောင်မှုလုပ်ငန်း ဆောင်ရွက်နေသည့် သိုလှောင်ရုံ ဖြစ်ပြီး မှတ်ပုံတင်ထားသော အချက်အလက်များ မှန်ကန်ပါကြောင်း လေးစားစွာဖြင့် ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

ဦး/ဒေါ် -

ရာထူး -

ဖုန်းနံပါတ် -